CHINA · YUNNAN
HEADLINE
30 May - 5 June, 2019 Vol.114
Yunnan Daily Press Group ရန်ကုန်တိုင်းမ် THE YANGON TIMES A

ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်

# နိုင်ငံတကာအလှူပေါင်းစုံမှ အနာဂတ်အလားအလာကို မျှော်မှန်းလျက် ဆက်လက်အာရုံစိုက်နေ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် အောင်မြင်သည်

ဧပြီ ၂၇ ရက် ဒုတိယအကြိမ် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးဖိုရမ် ရုပ်သိမ်းခဲ့ပါသည်။ သို့သော် နိုင်ငံတကာမှ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'ပေါ် ဆက်လက် ဂရုစိုက်ကာ လေ့လာမျှော်မှန်းလျက် ရှိနေပါသည်။

'ဤအကြိမ်ဖိုရမ်သည် ပြင်ပသို့ တိကျသော အချက်တစ်ခုပြနေသည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'ကို အတူတည်ဆောက်သည့် မိတ်ဆွေအသိုင်းအဝိုင်းသည် ပိုမိုကြီးမားလာနေပြီး ပူးပေါင်းဆောင်ရွက်မှုအရည်အသွေးလည်း ပိုမိုမြင့်မားလာကာ ဖွံ့ဖြိုးတိုးတက်မှုရှေ့ရေး ပိုမိုကောင်းမွန်လာနေသည်' ဟု တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်က ၎င်းဖိုရမ်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါသည်။

'တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်သည် 'အတူညှိနှိုင်းခြင်း၊ အတူတည်ဆောက်ခြင်း၊ အတူခံစားခြင်း'ဟူသောမူဝါဒဖြင့် ဘက်စုံဝါဒကို တွန်းဆော်သင့်ကြောင်း၊ အားလုံးအတူညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း တင်ပြခဲ့သည်'ကို ရိုက်တာသတင်းဌာနမှ သတိထားခဲ့သည်။ တရုတ်နိုင်ငံသည် ပိုများသောနိုင်ငံများနှင့် စံနှုန်းမြင့် လွတ်လပ်ကုန်သွယ်




သဘောတူစာချုပ် ချုပ်ဆိုမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ အကောက်ခွန်၊ အခွန်ကြီးကြပ်စစ်ဆေးအုပ်ချုပ်မှု စသည့်နယ်ပယ်များ၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာလုပ်ဆောင်ပြီး 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အကောက်ခွန်ကောက်ယူသည့် ပူးပေါင်းဆောင်ရွက်မှုစနစ်ကို တည်ထောင်ဆောက်လုပ်မည်ဖြစ်သည်။

'တရုတ်နိုင်ငံသည် တံခါးဖွင့်လှစ်ခြင်း၊ မြစိမ်းရောင်၊ တည်တံ့သောအတွေးအခေါ်ကို ခိုင်မြဲစွာလုပ်ဆောင်ပြီး ပူးပေါင်းဆောင်ရွက်မှုအားလုံးကို အလင်းရောင်အောက်တွင် လုပ်ဆောင်လည်ပတ်စေကာ အဂတိလိုက်စားမှုများကို တိုက်ဖျက်သည်'ဟု EFE က ထင်မြင်ယူဆပါကြောင်း ဖော်ပြခဲ့ပါသည်။ လုပ်ငန်းများကို စီမံကိန်းဆောက်လုပ်ရေး၊ လည်ပတ်ရေး၊ ဝယ်ယူရေး၊ တင်ဒါခေါ်ရေး စသည့်အပိုင်းကဏ္ဍများတွင် ပုံမှန်အားလုံးလက်ခံနိုင်သည့် နိုင်ငံတကာစံနှုန်းစည်းကမ်းဖြင့် လုပ်ဆောင်ရန် တွန်းတင်ထားပါသည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများမှ ဖြစ်ပွားလာစေမည့် သံသယများကို ကင်းရှင်းပေးစေမည်ဖြစ်သည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် ပိုမိုဖွင့်လှစ်သောခံယူမှုကို လုပ်ဆောင်မည်ကို တရုတ်နိုင်ငံက ကတိပြုသည်။ အကောက်ခွန်အဆင့်ကို ထပ်မံလျော့နည်းစေခြင်း၊ အကောက်ခွန်တားဆီးမှုအမျိုးမျိုးကို ဖယ်ရှားခြင်း၊ တရုတ်နိုင်ငံ ဈေးကွက်တံခါးကို ဆက်လက်ဖွင့်လှစ်ခြင်း စသည်တို့ပါဝင်သည်'ဟု အင်္ဂလန် 'Finical Times' ဝက်ဘ်ဆိုက်မှ ရေးသားထားသည်။

တရုတ်နိုင်ငံမှဦးဆောင်သည့် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် တစ်ကမ္ဘာလုံးအပေါ် အကျိုးသက်ရောက်မှုအားမှာ အာရှတိုက်မှဦးဆောင်သည့် အစီအစဉ်အသစ် ရောက်ရှိလာသည်ကို ဆိုလိုကြောင်း၊ အိန္ဒိယသည် မိမိကို အဆိုပါအစီအစဉ်အသစ် ပြင်ပတွင် မနေသင့်ကြောင်း အိန္ဒိယ 'The Hindu' ဝက်ဘ်ဆိုက်မှ ထင်မြင်ယူဆချက်ကို ဖော်ပြခဲ့ပါသည်။

"'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် အောင်မြင်သည်။ ဤတစ်ချက်မှာ ငြင်းပယ်၍မရပါ"ဟု ဂျာမနီ ARD ဝက်ဘ်ဆိုက်ပေါ်တွင် ချီးကျူးရေးသားထားသည်။ "'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် နိုင်ငံအများအား စည်ပင်သာယာဝပြောသော အခြေအနေကို ခံစားစေသည်။ ယင်းသည် လွန်ခဲ့သော ၁၀ နှစ်က မစဉ်းစားမိခဲ့သည့်အခြေအနေပင် ဖြစ်သည်။ ပြီးခဲ့သောနှစ်ပေါင်းအတွင်း အခြားမည်သည့် နိုင်ငံရေးလူပုဂ္ဂိုလ်ကမျှ ဤသို့ကြီးမားသော မျှော်လင့်ချက်ကို ဆော်ဩနိုင်ခဲ့ခြင်း မရှိခဲ့ပေ။"

**ဆင်ဟွာသတင်းဌာန**

နှစ် ၇၀ အား ချီးမွမ်းထောပနာပြုခြင်း

## ယခင်နှစ် တရုတ်တစ်နိုင်ငံလုံး ရေကြောင်းပို့ဆောင်ရေးပမာဏမှာ တန်ပေါင်း(၇)ဘီလီယံရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ပြီးကတည်းက တရုတ်နိုင်ငံ လမ်းပန်းသယ်ပို့ရေးလုပ်ငန်းသည် အဆက်မပြတ် တိုးတက်လျက်ရှိနေသည်။ လမ်းပန်းသွားလာရေး အခြေခံဆောက်လုပ်ရေး အရှိန်မြင့်တင်လာပြီး ပြည်တွင်းပြည်ပချိတ်ဆက်ရေး အဆင်ပြေသည့် သယ်ပို့ရေးကွန်ရက်မှာ တဖြည်းဖြည်းဖြစ်ပေါ်လာခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသောထောက်ပံ့မှုကို သယ်ဆောင်လာပေးသည်။

'ယခုနှစ်ပိုင်း တရုတ်နိုင်ငံသည် ရေလမ်းသယ်ပို့မှုစနစ် ပုံစံပြောင်း အဆင့်မြှင့်တင်မှုကို အစွမ်းကုန် တွန်းတင်နေလျက်ရှိသည်။ ရေလမ်းသယ်ပို့ရေးကို Commodities ကုန်စည်သယ်ပို့ရေးအပေါ်မှ အားသာချက်များကို ပိုမိုကောင်းမွန်အောင် အသုံးပြုခဲ့သည်။ ယခင်နှစ် တရုတ်တစ်နိုင်ငံလုံး ရေကြောင်းသယ်ပို့မှုစုစုပေါင်းပမာဏ တန်ချိန်ပေါင်း ၆ ဒသမ ၉၉၁ ဘီလီယံ ပြီးစီးခဲ့ပြီး တူညီချိန်နှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၇ ရာခိုင်နှုန်း တိုးမြှင့်ခဲ့ကြောင်း စာရင်းဇယားအရ သိရပါသည်။

ပုံသည် ယခုရက်ပိုင်း ကျန်းစူးပြည်နယ် စူးချန်းမြို့ စူးချန်-လျန်ယွမ်ကန် တူးမြောင်း စူးချန်သင်္ဘော ရေတံခါးလုပ်ငန်း လုပ်ငန်းခွင်ဖြစ်သည်။ အလုပ်သမားများသည် တိုင်ပေါ်တွင် သံမဏိကြိုးခွေများ ရစ်ပတ်နေသည်။ စူးချန်းသင်္ဘောရေတံခါးသည် စူးချန်းမှ လျန်ယွမ်ကန်တူးမြောင်း၏အထက် ရေစီးကြောင်း သင်္ဘောရေတံခါးဖြစ်သည်။ တူးမြောင်းဖွင့်လှစ်ပြီးနောက် ရှန်းတုံးတောင်ပိုင်းနှင့် ကျန်းစူးမြောက်ပိုင်းသည် ပင်လယ်ထွက်သည့်လမ်းကြောင်းအသစ်တစ်ကြောင်း ထပ်တိုးလာပါတော့သည်။



## ရွှေလီပြည်ပဝန်ဆောင်မှုစင်တာသည် မြန်မာနိုင်ငံသားတစ်သိန်းကျော်အတွက် ဝန်ဆောင်မှုထောက်ပံ့ပေးပါသည်

"ဒီစင်တာကဝန်ထမ်းက ကျွန်တော့်ကို စာရွက်စာတမ်းလုပ်ဆောင်တာ အမြန်ဆုံးမနက်ဖြန်မှာပြီးမယ်လို့ ပြောပါတယ်။ နောက်ဆိုရင် ကျွန်တော် ရွှေလီမှ အလုပ်ရှာလို့ရပြီ" ဟု ယူနန်ပြည်နယ် ရွှေလီမြို့ နိုင်ငံခြားသားအကူအညီပေးရေးနှင့် စီမံခန့်ခွဲရေးစင်တာ ('နိုင်ငံခြားသားဝန်ဆောင်မှုစင်တာ'ဟု အောက်တွင် အတိုချုံးခေါ်ဝေါ်သည်) မှတ်ပုံတင်ကောင်တာရှေ့တွင်ရပ်ပြီး လုပ်ဆောင်နေသည့် မြန်မာနိုင်ငံမှ သီတာဝေက သတင်းထောက်ကို ပြောပြသည်။ 'ကျန်းမာရေးစစ်ဆေးခကလွဲလို့ ဒီနေရာက လုပ်ဆောင်ချက်အားလုံးက အခမဲ့ပါ။'

ရွှေလီမြို့၏ သုံးမျက်နှာလုံးသည် မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိပြီး နှစ်စဉ်နှစ်တိုင်း မြန်မာနိုင်ငံသားများစွာသည် ရွှေလီသို့ အလုပ်လာရောက်လုပ်ဆောင်ကြရာ ဤနေရာတွင်



နေထိုင်သည့် မြန်မာနိုင်ငံသားမှာ လူသောင်းချီနှင့်အထက်ရှိကြောင်း နိုင်ငံခြားသားဝန်ဆောင်မှုစင်တာ ညွှန်ကြားရေးမှူး ရှောက်ယုံပေါင်က မိတ်ဆက်သည်။ နိုင်ငံခြားသားဝန်ဆောင်မှုစင်တာ မတည်ထောင်မီက မြန်မာနိုင်ငံသားများ တရုတ်နိုင်ငံသို့ စီးပွားရေးလုပ်ငန်း လုပ်ဆောင်လိုပါက မတူသောနေရာဌာနများသို့ သွားရောက်ပြီး ထောက်ခံချက်များ လျှောက်ယူရသည်။ အထက်ပါအခြေအနေအတွက် ရွှေလီမြို့ ပါတီကော်မတီ၊ ပြည်သူ့အစိုးရမှ ညှိနှိုင်းသက်သေပြုပြီးနောက် ရွှေလီသို့ တရားဝင် လာရောက်နေထိုင်လိုသည့် မြန်မာနိုင်ငံသားများအတွက် အထွေထွေဝန်ဆောင်မှုစင်မြင့် တည်ဆောက်ရန် သတ်မှတ်ပေးခဲ့သည်။ ၂၀၁၃ ခုနှစ် ဇွန် ၁၈ ရက် နိုင်ငံခြားသားဝန်ဆောင်မှုစင်တာ တရားဝင် တည်ထောင်ခဲ့ရာ တရုတ်နိုင်ငံမှ 'ဖောင်တစ်ဖောင်ဖြင့် စစ်ဆေး'၊ 'တစ်ဂိတ်တည်းဝန်ဆောင်မှု'ပေးသည့် ပထမဆုံး နိုင်ငံခြားသားဝန်ဆောင်မှုစင်တာ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံသားများသည် တိုက်တစ်တိုက်တည်းမှာပင် ကျန်းမာရေးမှတ်တမ်း၊ အလုပ်သမားမှတ်ပုံတင်၊ ယာယီနေထိုင်ခွင့်၊ သင်တန်းမှတ်ပုံတင် စသည်တို့ လိုအပ်သည့်စာရွက်စာတမ်းများကို လုပ်ဆောင်နိုင်ခဲ့ပါသည်။ အချိန်လျှော့နည်းစေခဲ့ပါသည်။ နိုင်ငံခြားသားဝန်ဆောင်မှုစင်တာတည်ထောင်ပြီး ယခုအထိ မြန်မာနိုင်ငံသား တစ်သိန်းကျော်အတွက် ဝန်ဆောင်မှု ထောက်ပံ့ပေးပြီဖြစ်သည်။

**သတင်းထောက်– လီဖိတ်ကျွင်း**

အသံ

# ယဉ်ကျေးမှုဆွေးနွေးပွဲ – ကမ္ဘာ့ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ပေး




၂၀၁၄ ခုနှစ် တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်သည် ပဲရစ်ယူနက်စကိုဌာနချုပ်တွင် မိန့်ခွန်းပြောကြားခဲ့စဉ် ယဉ်ကျေးမှုဖလှယ်ခြင်းကြောင့် အရောင်စုံသည်။ ယဉ်ကျေးမှုသင်ယူခြင်းကြောင့် ပြည့်စုံကြွယ်ဝသည်။ ယဉ်ကျေးမှုဖလှယ်ကာ အပြန်အလှန်လေ့လာသင်ယူခြင်းသည် လူသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောတွန်းအား ဖြစ်စေပါသည်ဟူ၍ ဖော်ပြပြောကြားခဲ့ပါသည်။

၂၀၁၉ ခုနှစ် မေ ၁၅ ရက်တွင် အာရှတိုက်ယဉ်ကျေးမှုဆွေးနွေးပွဲကို တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။ အာရှတိုက်ယဉ်ကျေးမှုဆွေးနွေးပွဲကို နိုင်ငံတကာ လူ့ဘောင်အဖွဲ့အစည်းများက အထူးပင် စိတ်ဝင်စားနေကြပါသည်။

ယခုအကြိမ်ဆွေးနွေးပွဲမှာ 'ဆန်းသစ်တီထွင်ဖန်တီးခြင်းအဓိပ္ပာယ်' ဆောင်သည်ဟု နိုင်ငံအသီးသီးမှ နိုင်ငံရေးသမားများနှင့် ပညာရှင်များက သဘောတူ နားလည်းထားကြပါသည်။

ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် အပြန်အလှန်တန်ဖိုးထားခြင်းသည် လူသားများ၏ ယဉ်ကျေးမှုတိုးတက်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောတွန်းအားဖြစ်စေကြောင်း၊ တရုတ်နိုင်ငံမှကျင်းပသော အာရှတိုက်ယဉ်ကျေးမှုဆွေးနွေးပွဲသည် အာရှတိုက်မှ ယဉ်ကျေးမှုမတူညီသော နိုင်ငံအသီးသီးအတွက် အပြန်အလှန် နားလည်သဘောပေါက်နိုင်ရန် အခွင့်အရေးဖန်တီးပေးကြောင်း မလေးရှားနိုင်ငံဝန်ကြီးချုပ် မဟာသီက ပြောကြားသည်။

ကျွန်တော်တို့သည် အမျိုးစုံလင်သော ယဉ်ကျေးမှုမတူညီသောအချက်များကို လက်ခံနိုင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရမည်ဖြစ်ကြောင်း၊ အထင်အမြင်အယူအဆ အသီးသီးကို လေးစားပြီး ကွာခြားသော ယဉ်ကျေးမှုများနှင့် ကွဲပြားသော ဘာသာကိုးကွယ်မှု အသီးသီးကို လေးစားတတ်ရမည်ဖြစ်ကြောင်း၊ အာရှတိုက် ယဉ်ကျေးမှုဆွေးနွေးပွဲကို ကျင်းပသည်မှာ အထူးကောင်းသော စိတ်ကူးဖြစ်ကြောင်း နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ကျာဝါလီက ထင်မြင်ယူဆပါကြောင်း ပြောကြားသွားသည်။

အာရှတိုက်ယဉ်ကျေးမှုဆွေးနွေးပွဲသည် လူသားများယဉ်ကျေးမှု တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဏာမခြေလှမ်းဖြစ်ကြောင်း၊ ကမ္ဘာ့ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ရှေ့ဆောင်လမ်းပြဖြစ်ကြောင်း ကမ္ဘောဒီးယား တော်ဝင်ကွန်ဖြူးရှပ် အင်စတီကျု ကမ္ဘောဒီးယားဌာနမှူး ဆူးပီနက ပြောကြားသည်။

အာရှတိုက်မှ ကွဲပြားခြားနားသော ယဉ်ကျေးမှုများအကြား ဖလှယ်ခြင်းမှာ သမိုင်းကြာမြင့်လှပြီဖြစ်ပြီး အာရှတိုက်ယဉ်ကျေးမှုဆွေးနွေးပွဲမှာ ပိုမိုလေးနက်သော အချင်းချင်းနားလည်နိုင်သော အခွင့်အလမ်းဖန်တီးပေးခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံအသီးသီးမှ နိုင်ငံရေးသမားများနှင့် ပညာရှင်များက ထင်မြင်ယူဆကြောင်း ပြောကြားကြသည်။ မလေးရှားနိုင်ငံတွင် အချင်းချင်း မသိကျွမ်းလျှင် ချစ်ခြင်းမေတ္တာမရှိနိုင်ပေဟူသော ရှေးဆိုရိုးစကားရှိသည်။ သင်သည် အခြားသူကို နားလည်ပြီးမှသာလျှင် သူများကိုချစ်နိုင်လိမ့်မည်ဟု မဟာသီက ပြောကြားသည်။

'ဆွေးနွေးခြင်းမှ နားလည်မှုရရှိနိုင်သည်။ နားလည်ခြင်းမှ သဘောတူညီခြင်း၊ တစ်ဖန်သဘောတူညီခြင်းမှာ အာရှတိုက်ဘုံကံကြမ္မာတူ အသိုင်းအဝိုင်း အခြေခံအုတ်မြစ် တည်ဆောက်နိုင်မည်ဖြစ်သည်။ အဆိုပါ သဘောတူညီချက်တွင်လည်း ဗဟုသုတ၊ စီးပွားရေး၊ အစိုးရ စသည်တို့ ပါဝင်မှသာလျှင် အခြေခံအုတ်မြစ်မှာ ခိုင်ခံ့မည်ဖြစ်သည်' ဟူ၍ တီဟီရန်တက္ကသိုလ် ကွန်ဖြူးရှပ်အင်စတီကျု အီရတ်ဌာနမှူး ဘေမင်းက ပြောကြားသည်။

ယခုအကြိမ်ဆွေးနွေးပွဲ၏ အဓိကဆောင်ပုဒ်မှာ 'အာရှတိုက် ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် အပြန်အလှန် တန်ဖိုးထားခြင်း၊ ဘုံကံကြမ္မာတူ အသိုင်းအဝိုင်း တည်ဆောက်ခြင်း'ဖြစ်သည်။ အင်ဒိုနီးရှား မဟာဗျူဟာနှင့် နိုင်ငံတကာရေးရာ သုတေသနစင်တာ တရုတ်တာဝန်ခံ ဝေကျင်းယွီက ပြောသကဲ့သို့ အာရှတိုက်ယဉ်ကျေးမှု ဆွေးနွေးပွဲ၏'ဆွေးနွေးခြင်းနှင့် အချင်းချင်း ဖလှယ်ခြင်း'သည် 'ငြိမ်းချမ်းစွာ အတူနေထိုင်ခြင်း'ကို အကောင်းဆုံးဖော်ပြခြင်းပင်ဖြစ်သည်။ တရုတ်နိုင်ငံသည် ကမ္ဘာကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ငြိမ်းချမ်းရေး၊ အတူကြီးပွားချမ်းသာရေးအတွက် စွမ်းစားအားထုတ်နေပါသည်။

**'ပြည်သူ့နေ့စဉ်သတင်း**
**ပြည်ပဗားရှင်း'**
**သတင်းထောက်– ကျန်းဟုန်**



စီးပွားရေးသတင်းတို

## အဆင်ပြေချောမွေ့သော ပြည်ဝင်ပြည်ထွက်လုပ်ငန်းဆောင်တာ ဝန်ဆောင်မှု

တရုတ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဗျူရို ဖြန့်ကြက်ရေးအစီအစဉ်အရ ယူနန်ပြည်နယ် နယ်ခြားစစ်ဆေးရေးစခန်းကို 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'တစ်လျှောက် နိုင်ငံဒေသမှ ဝန်ထမ်းများ ပြည်ဝင်ပြည်ထွက် လွယ်ကူချောမွေ့စေရန် ယခုရက်ပိုင်းတွင် ကူမင်းချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မောဟန်နယ်စပ်ဂိတ် နယ်စပ်စစ်ဆေးရေးတွင် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' တည်ဆောက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးများ၊ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'နှင့် သက်ဆိုင်သော အစည်းအဝေးများတက်ရောက်ခြင်း ဝန်ထမ်းများအတွက် အဆင်ပြေစေရန် ပြည်ဝင်ပြည်ထွက်လုပ်ငန်းဆောင်တာများ လျင်မြန်စွာ လုပ်ဆောင်ပေးနေကြောင်း သိရပါသည်။

ယခုချိန်တွင် ကူမင်း၊ မောဟန်စစ်ဆေးရေးဂိတ်များတွင် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'အတွက် VIP လျှောက်လမ်းများ တည်ဆောက်ထားသည်။ စုံစမ်းမေးမြန်း ဝန်ဆောင်မှုလည်း မြှင့်တင်ထားသည်။ ခရီးသည်များအနေဖြင့် နွေးထွေး၊ ပြည့်စုံ၊ အဆင်ပြေသော ပြည်ဝင်ပြည်ထွက်လုပ်ငန်းဆောင်တာဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည်။

**သတင်းထောက်– ကျော်ချောင်**

## တရုတ်-မြန်မာ အပြည်ပြည်ဆိုင်ရာလမ်းကြောင်းရှိ တာ့လီ-လင်ချန် မီးရထားလမ်းဆောက်လုပ်ရေး၏ ရင်းနှီးမြှုပ်နှံမှုကို ထက်ဝက်ပြီးစီး

သုံးနှစ်ခန့်ကြာမြင့်သော ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်ပြီးနောက် တရုတ်-မြန်မာ အပြည်ပြည်ဆိုင်ရာလမ်းကြောင်း တာ့လီမှ လင်ချန်သို့သွားသော မီးရထားလမ်းမှာ အောင်မြင်စွာ ဆောက်လုပ်ပြီဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုငွေမှာ ၈ ဒသမ ၈၆၁ ဘီလီယံယွမ်ငွေ ပြီးစီးခဲ့သည်။ ခန့်မှန်းသောရင်းနှီးမြှုပ်နှံငွေ၏ ၅၈ ရာခိုင်နှုန်း ရှိသည်။

တရုတ်မီးရထားလမ်းအုပ်စုအဖွဲ့ ကူမင်းအုပ်စုအဖွဲ့မှ သက်ဆိုင်ရာတာဝန်ခံ၏ မိတ်ဆက်ခြင်းအရ သိရသည်မှာ တာ့လီ-လင်ချန် မီးရထားလမ်း၏မြောက်ပိုင်းမှာ ကွမ်တာလမ်းကြော၊ ချိန်ကူးလမ်းကြောမှ ကူမင်းသို့ရောက်ပြီး ဖမ်းကျိဟွာသို့ ခွဲထွက်ခဲ့သည်။ အနောက်တောင်ဘက်တွင် လင်ချန်မှ ချင်းရွှေဟောမီးရထားသံလမ်းသို့ချိတ်ဆက်ပြီး ချင်းရွှေဟော နယ်စပ်ဂိတ်သို့ ရောက်သည်။ အရှေ့တောင်ဘက်တွင် လင်ချန်မှ ဖူအောမီးရထားလမ်းသို့ ချိတ်ဆက်ကာ လက်ရှိဆောက်လုပ်ဆဲဖြစ်သော ယွီမောသံလမ်းနှင့် ချိတ်ဆက်မည်။ မီးရထားလမ်းများ ချိတ်ဆက်ပြီးနောက် ယူနန်မီးရထားလမ်းကွန်ရက်၊ ယူနန်နှင့် နယ်နိမိတ်နိုင်ငံများ၏ အခြေခံဆောက်လုပ်ရေးကွန်ရက်များအတွက် အရေးပါသောလုပ်ဆောင်ချက် ဖြစ်စေပါသည်။

**သတင်းထောက်– ဟူရှောင်ယုံ**

# စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်နေသော ယူနန်ပြည်နယ်သည် ဆွဲဆောင်မှုပိုရှိလာသည်

မတ်လ ၁၅ ရက်တွင် တရုတ်နိုင်ငံ (၁၃)ကြိမ်မြောက် ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် ဒုတိယအကြိမ်အစည်းအဝေးမှ 'တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေ'(အောက်တွင် 'နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ'ဟု အတိုချုံ့ဖော်ပြထားပါသည်။)ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များ တရုတ်နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်လာကြရန် အခွင့်အလမ်းအသစ်များကို ဖြစ်ပေါ်လာစေပါသည်။

ယခုနှစ်ကို 'စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင် အဆင့်မြှင့်တင်ရေးအထိမ်းအမှတ်နှစ်'အဖြစ် ယူနန်ပြည်နယ်မှ သတ်မှတ်လိုက်ပါသည်။ ဧပြီ ၁၉ ရက်တွင် ယူနန်သည် 'စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရန်နှင့် စပ်လျဉ်းသော အကြံပြုချက်များ'(အောက်တွင် 'အကြံပြုချက်များ'ဟု အတိုချုံ့ဖော်ပြထားသည်။) နှင့် 'ယူနန်ပြည်နယ် စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်ချက် ၁၀ ရပ်'(အောက်တွင် 'လုပ်ဆောင်ချက် ၁၀ ရပ်'ဟု အတိုချုံ့ ဖော်ပြထားသည်။)များကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ နိုင်ငံခြားသားများ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးများ လွယ်ကူစေရေး စသည့် အကြောင်းအရာများ ပိုမိုဖြစ်ထွန်းလာစေအောင် လုပ်ငန်းများကို စီမံချမှတ်ခဲ့ပါသည်။

နိုင်ငံတော်အဆင့်မှ ဥပဒေများ ရေးဆွဲချမှတ်နိုင်သည့်အဆင့် ပြည်နယ်အဆင့်သို့ စီမံချက်များ ချမှတ်ပေးခြင်းဖြစ်သည်။ ယူနန်ပြည်နယ်၏ တိုးချဲ့ဖွံ့ဖြိုးမှုများကို လက်တွေ့လုပ်ဆောင်နေခြင်းနှင့် ယုံကြည်မှုများကို မြင်တွေ့ခဲ့ပါသည်။ ယူနန်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ၊ အကျိုးအမြတ် အတူရရှိစေရေးများ ပိုမိုဆောင်ရွက်နိုင်ခြင်း စသည့်အကြောင်းများအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းများ လုပ်ဆောင်လာနိုင်အောင် မျှော်လင့်လျက်ရှိနေဆဲပါဟု ယူနန်ပြည်နယ်ကို အထူးဂရုစိုက်နေသော နိုင်ငံခြားသားမိတ်ဆွေများ၊ ယူနန်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်သော ကိုယ်စားလှယ်များ၊ ယူနန်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားလုပ်ငန်းအဖွဲ့မှ တရုတ်တာဝန်ခံမှ ထိုကဲ့သို့ ပြောကြားခဲ့ပါသည်။

**ခိုင်မာသော အကောင်အထည်ဖော်ဆောင်ခြင်းများဖြင့် တံခါးဖွင့်လှစ်ရန် ကြိုးပမ်းအားထုတ်နေခြင်း ဖော်ပြ**

'တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်နေသော နိုင်ငံတကာလုပ်ငန်းရှင်များအတွက် တရုတ်နိုင်ငံမှအာမခံများကို ပံ့ပိုးပေးလျက် ရှိပါသည်။'ဟု မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေးမှ ထိုကဲ့သို့ မိတ်ဆက်ပြောကြားပါသည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးသော စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့အနေနှင့် မြန်မာနိုင်ငံ စီးပွားရေးစက်မှုလုပ်ငန်းရှင်များအသင်းသည် တရုတ်နိုင်ငံနှင့် ကူးသန်းရောင်းဝယ်ရေးအပိုင်းကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှု အပိုင်းကဏ္ဍ စသည့် အပိုင်းကဏ္ဍများစွာတွင် ပိုမိုခိုင်မာသော ဖလှယ်ခြင်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါသည်။ 'နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ'ကို ထုတ်ပြန်ကြေညာသည့်အတွက် မြန်မာနိုင်ငံ စီးပွားရေးကူးသန်းရောင်းဝယ်ရေး နယ်ပယ်မှ အထူးဂရုပြုလျက်ရှိနေပါသည်။

ထိုင်းနိုင်ငံ TCC အုပ်စုအဖွဲ့(အောက်တွင် 'TCC'ဟု အတိုချုံ့ဖော်ပြထားပါသည်။) တရုတ်နိုင်ငံဒေသဆိုင်ရာ ကိုယ်စားလှယ် ကျန်ခိုင်ဝံသည် တရုတ်နိုင်ငံတွင် နှစ်ပေါင်းများစွာ အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ တရုတ်စကားကို ကောင်းမွန်စွာ ပြောတတ်ဆိုတတ်ပါသည်။ 'တရုတ်နှင့်ပတ်သက်သည့် အကြောင်းများကို အကျွမ်းတဝင်သိသူ'တစ်ဦးလည်း ဖြစ်ပါသည်။ ကျန်ခိုင်ဝံသည် တရုတ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုပေါ်လစီ၏ ပြောင်းလဲမှုတိုင်းကို အထူးဂရုပြုလျက် ရှိပါသည်။ သူသည် 'နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေ'ကို သေချာလေ့လာပြီးနောက် 'နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေ' သည် နဂို 'နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေ (၃)ရပ်'ထက် အဆင့်ပိုမြင့်ပါသည်။ အချက်အလက် အကြောင်းအရာများ ပိုမိုများပြားလှပါသည်။ တရုတ်နိုင်ငံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအပေါ် ပိုမိုခိုင်မာသော ကာကွယ်ပေးမှုနှင့် အာမခံမှုများကို ပေးကမ်းနေသည်မှာ သိသာထင်ရှားလှပါကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။

University of International Business and Economics နိုင်ငံတကာစီးပွားရေးကူးသန်းရောင်းဝယ်ရေးကောလိပ် ဘဏ္ဍာရေးမေဂျာ အထူးပြုနေသော လာအိုနိုင်ငံသား နော်ဖုံသည်လည်း စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်နေသော ယူနန်ပြည်နယ်၏ ထုတ်ပြန်ကြေညာချက်များကို ဂရုပြုမိနေပါသည်။ နော်ဖုံက ထိုကဲ့သို့ပြောသည်။ 'အကြံပြုချက်များ' နှင့် 'လုပ်ဆောင်ချက် ၁၀ ရပ်'သည် 'နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ခွင့်ပြုချက်များ ချမှတ်ပေးနိုင်ရန် ပိုမိုလျင်မြန်စွာ ဆောင်ရွက်ပေးပါမည်ဟု ကတိပြုနေပါသည်။ နယ်စပ်ဂိတ်ပေါက်ဖြတ်သန်းသွားလာမှု ပိုမိုလွယ်ကူလျင်မြန်လာစေခြင်း၊ ထွက်ကုန်အတွက် အကောက်ခွန်ကင်းရှင်းမှုများ လုပ်ဆောင်ချိန် ပိုမိုလျင်မြန်လာစေခြင်း စသည့် 'အမြန်သုံးရပ်'ကို လက်တွေ့အကောင်အထည်ဖော်ဆောင်လာခြင်းသည် နိုင်ငံခြားလုပ်ငန်းရှင်များ ယူနန်ပြည်နယ်တွင် ရေရှည်ရင်းနှီးမြှုပ်နှံခြင်းများ လုပ်ဆောင်လာရန် ပိုမိုစိတ်ချစေပါသည်။'


**ရင်းနှီးမြှုပ်နှံမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ရန် ဆွဲဆောင်မှု ဆက်လက်မြှင့်တင်လျက်ရှိ**

ကမ္ဘောဒီးယားနိုင်ငံ ဖူနမ်ထက်ရှိဆောက်လုပ်ရေးဒီဇိုင်းဆွဲကုမ္ပဏီ စတင်တည်ထောင်သူ အထွေထွေမန်နေဂျာ ယွင်-ဆော့ချီ-ဝိန်စိန်းထက်က ယူနန်မှာ ရင်းနှီးမြှုပ်နှံမှုကို စဉ်းစားထားပါကြောင်း ပြောကြားသွားပါသည်။ သူ့အနေနှင့် ယူဆချက်ကိုဖော်ပြရာတွင် 'နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေ'သည် အိမ်နီးချင်းနိုင်ငံများက တရုတ်ဈေးကွက်အပေါ် ယုံကြည်စိတ်ချမှုကို တိုးချဲ့စေနိုင်မည်ဖြစ်ပါကြောင်း၊ ယူနန်မှာ အိမ်နီးချင်းနိုင်ငံများနှင့် ပထဝီအနေအထားကြောင့် ဆွဲဆောင်မှုအားကြီးမားလှပါကြောင်း၊ ယူနန်၏ စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်အခြေအနေကောင်းမွန်လာသည်နှင့်အမျှ သူသည် ယူနန်ပူးပေါင်းဆောင်ရွက်သူ လက်တွဲဖော်ကို ရှာဖွေတွေ့ရှိကာ ရင်းနှီးမြှုပ်နှံမှုကိုလုပ်ဆောင်လိုပါကြောင်း စသည်ဖြင့် ပြောကြားဖော်ပြသွားပါသည်။

မြန်မာနိုင်ငံ ရီရှင်းကုမ္ပဏီဌာန မန်နေဂျာ ဒေါ်ရွှေလှသည် ယူနန်ပြည်နယ်ကို သူ၏ ရင်းနှီးမြှုပ်နှံမှုလက်တွဲဖော်အဖြစ် ထည့်သွင်းစဉ်းစားလျက်ရှိနေပါသည်။ မြန်မာနိုင်ငံ ရီရှင်းကုမ္ပဏီသည် မြန်မာနိုင်ငံတွင် ဆေးဝါးလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိသည်။ ဒေါ်ရွှေလှသည် ယခုနှစ် ဖေဖော်ဝါရီလမှာ ယူနန်ပြည်နယ်တွင် ကျင်းပသော ဒုတိယအကြိမ် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဖိုရမ်သို့ တက်ရောက်ခဲ့ပါသည်။ ယူနန်တွင် သူသည် ဆေးဝါးလုပ်ငန်းအတူလုပ်ကိုင်လျက်ရှိသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပါသည်။ ယူနန်ပြည်နယ်တွင် လုပ်ဆောင်လျက်ရှိသော ဇီဝဆေးဝါးလုပ်ငန်း အရင်းအမြစ်များနှင့် စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်သည် သူမကို အမြင်ကျယ်စေကာ စိတ်ဝင်စားမှု ဖြစ်ပေါ်စေခဲ့ပါသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် ဆက်လျက်ရှိနေသည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏မြောက်ဘက် စမှတ်လည်းဖြစ်သည်။ တမူထူးခြားသော တည်နေရာ အားသာချက်ကို ပိုင်ဆိုင်လျက်ရှိပါသည်ဟု ဒေါ်ရွှေလှ ယူဆပါသည်။ ယူနန်၏ ပိုမိုကောင်းမွန်သော စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်သည် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား ဆေးဝါးလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဖြစ်ထွန်းလာစေမည်ဖြစ်သည်။ "ကျွန်မသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံအကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများအတွက် မျှော်လင့်ချက် အပြည့်အဝရှိပါသည်"ဟု သူမက ပြောကြားခဲ့သည်။

**သတင်းထောက်–**
**လျိုကျီယူ၊ ဟန်ချိန်ယွမ်**



" သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဇုန်သို့ လေ့လာကြည့်ရှုခြင်း "

# အိုက်လောင်စန် သဘာဝပတ်ဝန်းကျင်ဌာနသို့ အလည်တစ်ခေါက်

ဧပြီ ၁၁ ရက်တွင် ကျွန်တော်တို့သည် တရုတ်နိုင်ငံ သိပ္ပံနည်းပညာအကယ်ဒမီ အိုက်လောင်စန် နွေးသမပိုင်းသစ်တော သဘာဝပတ်ဝန်းကျင်စနစ် သုတေသနဌာန ('အိုက်လောင်စန် သဘာဝပတ်ဝန်းကျင်ဌာန'ဟု အကျဉ်းချုံးဖော်ပြထားပါသည်။)သို့ ရောက်ရှိလာပါသည်။ ပညာရှင်များနှင့်အတူ အဆိုပါ နွေးသမပိုင်းဇုန် စိမ်းလန်းစိုပြေသစ်တောကို လာရောက်လေ့လာခဲ့ကြပါသည်။

'အဆိုပါဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၂၅၀၀ ကျော်တွင် တည်ရှိပါသည်။ တစ်နှစ်ပတ်လုံးအတွင်း လေထုအစိုဓာတ်သည် ၈၈ ရာခိုင်နှုန်းရှိပါသည်။ မိုးရာသီတွင် ၁၀၀ ရာခိုင်နှုန်း ရှိပါသည်။ တစ်နှစ်ပတ်လုံး၏ ပျမ်းမျှအပူချိန်သည် ၁၁ ဒသမ ၆ စင်တီဂရိတ်ရှိပါသည်။ နွေရာသီတွင် စိုစွတ်ချမ်းအေးလွန်းသောကြောင့် ကျွန်တော်တို့တတွေ သစ်တောထဲတွင် အလုပ်လုပ်စဉ်တွင် အဝတ်အထည် လက်ရှည်အထူများကို ဝတ်ဆင်ရပါသည်။ ညအခါတွင် အဆိုပါသဘာဝပတ်ဝန်းကျင်ဌာနထဲတွင် မီးလှုံရသေးသည်' ဟု အိုက်လောင်စန်တောင် သဘာဝပတ်ဝန်းကျင်ဌာန၏ အင်ဂျင်နီယာမှ ကျွန်တော်တို့ကို မိတ်ဆက်ပေးပါသည်။

အိုက်လောင်စန် သဘာဝတ်ပန်းကျင်ဌာနသည် အိုက်လောင်စန် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဌာန မြောက်ဘက်ပိုင်းရှိ ယူနန်ပြည်နယ် ကျင်တုံခရိုင်နယ်နိမိတ်အတွင်းတွင် တည်ရှိပါသည်။ အဆိုပါဌာနကို ၁၉၈၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပါသည်။ တရုတ်နိုင်ငံ သိပ္ပံနည်းပညာအကယ်ဒမီ စစ်ဆောင်ပန်းနား အပူပိုင်းရုက္ခဗေဒဥယျာဉ် အပူပိုင်းသစ်တော သဘာဝပတ်ဝန်းကျင် အလေးပေးစမ်းသပ်ခန်းနယ်ပယ်တွင် ပါဝင်ပါသည်။ ၂၀၀၂ ခုနှစ်တွင် တရုတ်နိုင်ငံ သဘာဝပတ်ဝန်းကျင်စနစ် သုတေသနကွန်ရက် CERN ထဲသို့ ပါဝင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် နိုင်ငံတော် သဘာဝတောနယ်မြေအတွင်း သိပ္ပံနည်းပညာဆန်းစစ်မှုသုတေသနဌာန CERN အဖြစ် ရပ်တည်နိုင်ခဲ့ပါသည်။

ကြီးကြပ်ရေးနှင့် သုတေသနပြုစုခြင်းအပြင် စံနမူနာစမ်းသပ်ခြင်းလုပ်ငန်းသည် အိုက်လောင်စန် သဘာဝပတ်ဝန်းကျင်ဌာန၏ အရေးပါသော လုပ်ငန်းတစ်ရပ်လည်းဖြစ်ပါသည်။ လတ်တလောနှစ်ပိုင်းကာလတွင် သူတို့တတွေနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဇုန် ကျင်တုံ ကာကွယ်အုပ်ချုပ်ရေးဌာနနှင့် အတူတကွ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ပြီး သဘာဝပတ်ဝန်းကျင် သိပ္ပံနည်းပညာသင်ကြားပို့ချခြင်းစွမ်းအားကို ပိုမိုအားကောင်းလာစေပါသည်။ သိပ္ပံနည်းပညာ သင်ကြားပို့ချခြင်း လှုပ်ရှားမှုများသည် ကျင်တုံခရိုင်တွင်ရှိသော မူလတန်း၊ အလယ်တန်း ကျောင်း ၃၀ ကျော်သို့ ပြန့်ပွားပေးနိုင်ခဲ့သည်။ သင်ကြားပို့ချမှု ခံယူသော ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူဦးရေသည် ငါးသောင်းကျော်ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံ သစ်တောပညာရပ်ဆိုင်ရာအသင်းမှ အိုက်လောင်စန် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဌာနကို 'တရုတ်တစ်နိုင်ငံလုံးအတွင်း သစ်တောပညာရပ်ဆိုင်ရာ သိပ္ပံနည်းပညာသင်ကြားရေးအခြေစခန်း'အဖြစ် အမည်ပေးသတ်မှတ်ခြင်း ခံခဲ့ရပါသည်။

**သတင်းထောက်– ချိန်စန်ကျွမ်**



# ဆင်းရဲနွမ်းပါးမှုပပျောက် ၊ ချမ်းသာကြွယ်ဝမှု အတူဖန်တီး

## တရုတ်မိတ်ဆွေက ကျွန်တော်တို့ပိုမိုများသော ပြည်သူပြည်သားများအား ဆင်းရဲမှုမှလွတ်မြောက်စေရန် ကူညီပေးခဲ့

“ရေသွင်းစနစ်ရှိတော့ ရေစပါးစိုက်မြေမျက်နှာပြင် ပိုတိုးချဲ့လာနိုင်တဲ့အပြင် တခြားစီးပွားဖြစ် ကောက်ပဲသီးနှံတွေကိုလည်း စိုက်နိုင်ခဲ့တယ်လေ။ ဥပမာ- ရေစပါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးပင်၊ ငါးကန်။ ရွာသားများအတွက် ဝင်ငွေတိုးလာစေတယ်လေ။ ကျွန်တော်တို့က ကလေးတွေရဲ့ကျောင်းတက်စရိတ်ကို စိတ်မပူရတော့ဘူး။ ထိုင်းနိုင်ငံကိုသွားပြီး အလုပ်လုပ်စရာလဲ မလိုတော့ပါဘူး။ တစ်အိမ်သားလုံး စိတ်ချမ်းသာနေကြပါတယ်လေ။”

လာအိုနိုင်ငံ၏မြို့တော် ဗင်ယင်ကျန်းမြို့မှ အရှေ့တောင်ဘက်သို့ ၄၀၀ ကီလိုမီတာကားမောင်းသွားကာ သတင်းထောက်သည် အလယ်တောင်ပိုင်း ကန်မုံပြည်နယ်ရှိ နုံဖျင်ခေါ် သော ကျေးရွာသို့ ရောက်ရှိလာပါသည်။ ကျေးရွာမှာ မသေးလှပါ။ အိမ်ခြေရာကျော်ရှိသော လူနေအိမ်များသည် လမ်းနံဘေးမှာ ဖြန့်ကြက်လျက်ရှိနေပါသည်။ ခြေတံရှည်အိမ်များ၏အောက်မှာ စပါးများ စုပုံလျက်ရှိနေပါသည်။

မေလပိုင်းသည် လာအို၏ ပူပြင်းသောရာသီဖြစ်ပါသည်။ စပါးပင်များ ရိတ်သိမ်းပြီးပြီ။ ပူပြင်းသောနေရောင်ခြည်မှာ မြေမျက်နှာပြင်ကို ပြင်းထန်းစွာ ထိုးစိုက်နေပါသည်။ နွားများလည်း ပျင်းရိစွာ အသက်ပြင်းပြင်ရှူနေကြပါသည်။ နုံဖျင်ရွာရှိ ကျော့ခန်အမည်ရှိ ဦးကြီးသည် လယ်ထွန်စက်ဖြင့် လယ်ထွန်ယက်နေပါသည်။ ထွန်ပြီးသော လယ်မြေကြီးများသည် လှိုင်းလုံးကဲ့သို့ လှိုင်းတွန့်လိမ်နေပါသည်။ ကျော့ခန်က ပြောနေပါသည်။ “မိုးကျတော့မယ်။ လယ်ထွန်ထားမှ မိုကျရင် ကောက်စိုက်လို့ရပြီလေ။ အကယ်လို့ မိုးမကျရင်လဲ စိတ်ပူစရာမလိုပါဘူး။ ရေသွင်းတူးမြောင်းက လယ်ဘေးမှာ ရှိနေတယ်လေ။ အချိန်မရွေး ရေယူလို့ရတယ်လေ။”

**စပါးအထွက်တိုးများနိုင်သည့်အတွက်ကြောင့် ရေသွင်းစနစ် တည်ဆောက်ပေးသော တရုတ်မိတ်ဆွေများအား အထူးကျေးဇူးတင်ရမှာပါပဲ**

“ခြောက်သွေ့ရာသီမှာ စပါးထွက်နှုန်းက မိုးရာသီထက်တောင်ပိုသေးတယ်။ဟုတ်လား” ဟု သတင်းထောက်၏ သံသယမျက်လုံးကို ကြည့်ရင်း ရွာသားများကလုပြီး အဖြေပေးကြပါတော့သည်။ “မိုးရာသီမှာ တစ်ဟက်တာကို လေးတန်နှုန်းထွက်ပါတယ်။ ခြောက်သွေ့ရာသီမှာ ငါးတန်ထွက်တယ်လေ။ ဘာကြောင့်ဆိုတော့ တည်ငြိမ်ပြည့်စုံတဲ့ ရေသွင်းရေပင်ရင်း ရှိနေတယ်လေ။ မိုးရာသီမှာ မိုးရေကတစ်ခါများ တစ်ခါနည်းနေတတ်တော့ စပါးကြီးထွားမှုအတွက် အကျိုးသိပ်မရှိဘူးလေ။ စပါးအထွက်တိုးတာဟာ တရုတ်ဆောက်ပေးတဲ့ရေသွင်းစနစ်ကို တကယ်ပဲ ကျေးဇူးတင်ရမှာပါပဲ။”

ရှဲ့ပန်းဖေးချောင်းသည် မဲခေါင်မြစ်ကြီး၏ မြစ်လက်တက်တစ်ခုဖြစ်ပါသည်။ အဆိုပါနယ်မြေမှာ မြေဆီလွှာကောင်းမွန်ပါသည်။ လာအိုအလယ်ပိုင်း အလေးပါသည့် ရိက္ခာထွက်သည့်ဇုန်မြေဖြစ်ပါသည်။ ဟက်တာပေါင်း တစ်သိန်းကျော်ရှိသောလွင်ပြင်မှာ လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးမှုအတွက် အသုံးချနိုင်ပါသည်။ နှစ်ပေါင်းများစွာအတွင်း ၎င်းချောင်းတလျှောက်မှာ ရေသွင်းရေးနှင့် ရေကြီးခြင်းကာကွယ်ရေးစီမံကိန်း အသေးစားများ တည်ဆောက်ခဲ့ကြပါသည်။ သို့သော် ရေသွင်းခြင်းနှင့် ရေကြီးခြင်း ကာကွယ်ရေးစွမ်းအား နည်းပါးလျက်ရှိနေသည်။ ချောင်းအောက်ပိုင်းဒေသရှိ ကျေးရွာများမှာ အစဉ်အမြဲ ခြောက်သွေ့မှုနှင့် ရေကြီးခြင်းခြိမ်းခြောက်မှုအန္တရာယ်ကို တွေ့ကြုံရတတ်ပါသည်။

ရေသွင်းခြင်းစီမံကိန်း လည်ပတ်လာသည်နှင့်အမျှ နုံဖျင်ကျေးရွာမှ ရွာသူရွာသားများ၏ လူနေမှုဘဝသည် ဝမ်းမြောက်ဖွယ်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ “ရေသွင်းစနစ်ရှိတော့ ရေစပါးစိုက်မြေမျက်နှာပြင် ပိုတိုးချဲ့လာနိုင်တဲ့အပြင် တခြားစီးပွားဖြစ် ကောက်ပဲသီးနှံတွေကိုလည်း စိုက်နိုင်ခဲ့တယ်လေ။ ဥပမာ- ရေစပါး၊ ဟင်းသီးဟင်းရွက်၊ သစ်သီးပင်၊ ငါးကန်။ ရွာသားများအတွက် ဝင်ငွေတိုးလာစေတယ်လေ။ ကျွန်တော်တို့က ကလေးတွေရဲ့ ကျောင်းတက်စရိတ်ကို စိတ်မပူရတော့ဘူး။ ထိုင်းနိုင်ငံကိုသွားပြီး အလုပ်လုပ်စရာလဲ မလိုတော့ပါဘူး။ တစ်အိမ်သားလုံး စိတ်ချမ်းသာနေကြပါတယ်လေ။”ဟူ၍ ရွာသားဘနုံက သတင်းထောက်ကို ပြောပြနေပါသည်။ သူ့သား ကျောင်းပြီးသည့်အခါ စိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ပြီး ထူးခြားချက်ရှိသည့် လယ်ယာစိုက်ပျိုးရေးထုတ်ကုန်ကို တိုးထုတ်ကာ မိသားစုတစ်ခုလုံး ကြိုးစားပမ်းစားမှုဖြင့် သာယာဝပြောသောဘဝကို ဖန်တီးကြမည်ဖြစ်ပါသည်။

နုံဖျင်ရွာကဲ့သို့ပင် အကျိုးခံစားရသည့် ရွာပေါင်းကိုးရွာ၊ အိမ်ခြေပေါင်း ၁၃၀၀ ကျော် ရွာသားများရှိပါသည်။ နမ်ထိန်အမှတ် ၂ လျှပ်စစ်ဓာတ်အားပေးစက်ရုံအစွန်ပိုင်း အမှတ် ၃ ရေတံခါးရေသွင်းစီမံကိန်းသည် ဟက်တာပေါင်း ၂၈၀၀ အတွက် ရေသွင်းပေးနိုင်ခဲ့ပါသည်။ ရေစပါးနှင့် အခြားစီးပွားဖြစ်ကောက်ပဲသီးနှံစိုက်ပျိုးရေးအတွက် တည်ငြိမ်သော ရေပင်ရင်းကို ပေးဆောင်နိုင်ခဲ့ပါတော့သည်။

ယုံမားလားခရိုင်သည် မျက်နှင်ပြင်ဧရိယာ ဟက်တာပေါင်း ၁ ဒသမ ၂ သိန်းရှိကာ ရွာပေါင်း ၄၆ ရွာ၊ ရွာသားပေါင်း ၃ ဒသမ ၅ သောင်းကျော် ရှိနေပါသည်။ ခရိုင်လယ်ယာနှင့် သစ်တောဌာနမှ ဌာနမှူး ပိန်ထားဝေက သတင်းထောက်ကို ပြောပြသည်မှာ ‘ကျွန်တော် ခရိုင်တစ်ခုလုံး စပါးနှင့် အခြားကောက်ပဲသီးနှံစိုက်မြေမှာ ဟက်တာ ၇၀၀၀ကျော် ရှိပါတယ်။ ရေသွင်းစနစ် ခုနစ်ခုရှိပါတယ်။ ထိုအထဲမှာ တရုတ်က ကူညီဆောက်လုပ်ပေးတဲ့ ရေသွင်းတူးမြောင်းက အရှည်ဆုံးပါပဲ။ စိုက်ပျိုးမြေဧရိယာ တိုးချဲ့ရေး၊ မိုးရာသီမှာ ရေကြီးမှုမှ ကာကွယ်ရေး၊ လယ်ယာစိုက်ပျိုးရေးထုတ်ကုန် တိုးမြှင့်ရေး စတဲ့ကဏ္ဍစုံအတွက် အရေးပါတဲ့ အကျိုးသက်ရောက်မှု အနက်အဓိပ္ပာယ်ရှိနေပါတယ်။ မိုးရာသီမှာ တောင်သူတို့ရဲ့စပါးသုံးစွဲမှု လိုအပ်ချက်ကို အခြေခံဖြည့်မိပေးနိုင်ခဲ့ပြီး ခြောက်သွေ့ရာသီစပါးများကိုတော့ သမဝါယမက သိမ်းယူပြီး အချောကိုင်စက်ရုံကို ပို့ပေးလိုက်တယ်။ ထိုင်း၊ ဗီယက်နမ် စတဲ့ နိုင်ငံများဆီသို့ တင်ပို့ရောင်းချလျက်ရှိနေပါတယ်။ ကျွန်တော်တို့က စပါးကို တရုတ်နိုင်ငံဆီကို ပို့ချင်သေးတယ်လေ။’

**ကျွန်တော်တို့က လယ်ယာစိုက်ပျိုးရေးနည်းပညာနဲ့ စိုက်ပျိုးရေးအတတ်ပညာမှာ တရုတ်ဆီက အတွေ့အကြုံအများကြီးကို ရရှိခဲ့ပါတယ်**

လာအိုနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်ပါသည်။ တောင်သူဦးရေမှာ ၉၀ ရာခိုင်နှုန်းခန့် ရှိနေပါသည်။ လာအိုမှထွက်သည့် စပါးသည် မြစိမ်းရောင်၊ အရည်အသွေးမြင့်ကာ ပြည်တွင်းစားသုံးမှုကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး အချို့ကိုမူ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့ပါသည်။ စိုက်ပျိုးရေးနည်းပညာနှင့် စက်ပစ္စည်း ခေတ်မမီခြင်းကြောင့် ယင်းနိုင်ငံ၏ စပါးထုတ်ကုန်ပမာဏ နိမ့်ဆင်းနေခဲ့ပါသည်။ အထူးသဖြင့် ခြောက်သွေ့ရာသီမှာ ခေတ်နောက်ကျသော ရေသွင်းစနစ်ကြောင့် ခြောက်သွေ့ရာသီ စပါးစိုက်ပျိုးမှုမျက်နှာပြင်ဧရိယာမှာ မိုးရာသီထက် အလွန်ပင်လျော့နည်းခဲ့ပါသည်။ အချို့သောမြေများမှာ ရာသီတစ်ခုသာ စိုက်ပျိုးနိုင်ခဲ့ပါသည်။ စိုက်မြေအသုံးချမှုနှုန်းမှာ အလွန်နိမ့်ကျလျက်ရှိနေခဲ့ပါသည်။

‘ရေသွင်းစနစ်ရှိလာတော့ စပါးအထွက်နှုန်း အခြေခံအားဖြင့် တစ်ဆတိုးလာနိုင်ခဲ့ပါတယ်။ ကန်မုံပြည်နယ်မှာ တင်မကဘူး။ လာအိုတစ်နိုင်ငံလုံးမှာ တရုတ်က ကူညီပံ့ပိုးအကောင်အထည်ဖော်ဆောင်တဲ့ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးမှုစီမံကိန်းတွေ ရှိခဲ့ပါတယ်။ တရုတ်မိတ်ဆွေများက ကျွန်တော်တို့ကို ဆင်းရဲမှုမှလွတ်မြောက်စေဖို့ ကူညီပေးခဲ့တယ်လေ။’ဟု မိုက်ခုံက ပြောကြားသွားပါသည်။ ‘လယ်ယာနှင့် သစ်တောဌာနမှ နည်းပညာရှင်ဝန်ထမ်းများဟာ မကြာခဏ တရုတ်ပြည်ကိုသွားပြီး ရေသွင်းခြင်း၊ စိုက်ပျိုးခြင်း၊ သစ်တောပညာ၊ မွေးမြူရေးပညာ စတာတွေကို သွားပြီးသင်ယူကြတယ်လေ။ ကျွန်တော်လည်း ယူနန်ကို အခေါက်ခေါက် သွားခဲ့ပါတယ်။ ဟိုနေရာမှာ ပထဝီပတ်ဝန်းကျင်နဲ့ စိုက်ပျိုးရေးဖွဲ့စည်းပုံတို့ဟာ လာအိုနဲ့ အတော်လေး ဆင်တူတယ်လေ။ ကျွန်တော်တို့က လယ်ယာစိုက်ပျိုးရေးနည်းပညာနဲ့ စိုက်ပျိုးရေးအတတ်ပညာမှာ တရုတ်ဆီက အတွေ့အကြုံအများကြီး ရရှိခဲ့ပါတယ်။’

ယခုနှစ် ဧပြီလ ၃၀ ရက်မှာ တရုတ်နှင့် လာအိုနိုင်ငံတို့သည် ‘တရုတ်-လာအို ကံကြမ္မာတူ အသိုင်းအဝိုင်း တည်ဆောက်ရေး လက်တွေ့လုပ်ဆောင်မှုစီမံချက်’ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းစီမံချက်ထဲတွင် ဖော်ပြထားသည်မှာ တရုတ်နိုင်ငံမှ လာအိုနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးပါရဂူပညာရှင်များ စေလွှတ်ကာ တောင်သူလယ်သမားများ၏ချမ်းသာမှုကို ဦးဆောင်မည့်သူများကို ပြုစုပျိုးထောင်ပေးမည်ဖြစ်သည်။ တရုတ်-လာအို ခေတ်မီလယ်ယာထုတ်ကုန် ပူးပေါင်းဆောင်ရွက်ရေး စံပြဇုန် အတူတကွတည်ဆောက်ကြကာ လယ်ယာထုတ်ကုန်ပမာဏနှင့် လယ်ယာထုတ်ကုန်တန်ဖိုးမြှင့်တက်စေပြီး လယ်ယာစိုက်ပျိုးရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးနိုင်မည် ဖြစ်ပါသည်။ ‘ဤသို့ဖြင့် လာအို၏လယ်ယာစိုက်ပျိုးရေးမှာ တစ်ခါမျှ မကြုံဖူးသည့် ဖွံ့ဖြိုးမှုအခွင့်အလမ်းကို သယ်ဆောင်လာစေမည်ဖြစ်ပါသည်’ဟူ၍ လာအိုလွှတ်တော်ကိုယ်စားလှယ် ခမ်းဖေက ပြောကြားသွားပါသည်။

နမ်ထိန်အမှတ်(၂) လျှပ်စစ်ဓာတ်အားပေးစက်ရုံအစွန်ပိုင်း အမှတ်(၃) ရေတံခါး ရေသွင်းစီမံကိန်းသည် တရုတ်-လာအို ဆည်မြောင်းပူးပေါင်းဆောင်ရွက်မှုစီမံကိန်းမှ လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်သည့် သာဓကတစ်ခုဖြစ်ပါသည်။ တရုတ်-လာအို ဆည်မြောင်း ပူးပေါင်းဆောင်ရွက်ခြင်းမှာ လန်ချန်းမြစ်-မဲခေါင်မြစ် ပူးပေါင်းဆောင်ရွက်မှုစနစ်အတွင်းမှ ကဏ္ဍတစ်ခုဖြစ်သည်။ နှစ်နိုင်ငံသည် လန်ချန်းမြစ်-မဲခေါင်မြစ် ပူးပေါင်းဆောင်ရွက်မှုစနစ်မှာ နီးကပ်စွာ ချိတ်ဆက်လျက်ရှိနေပါသည်။ အချက်အလက်မျှဝေခြင်း၊ ဝန်ထမ်းမွမ်းမံသင်တန်းပေးခြင်း၊ ပူးပေါင်းသုတေသနပြုခြင်း၊ လန်မဲပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေစီမံချက် စသည့်ကဏ္ဍပေါင်းစုံမှာ အကျိုးထူးသည့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့ကြပါသည်။ တရုတ်နိုင်ငံသည် လာအိုနိုင်ငံ၏ ပထမအကြီးဆုံး ရင်းနှီးမြှုပ်နှံမှုနိုင်ငံ၊ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာနေပါသည်။ တရုတ်နိုင်ငံသည် လာအိုနိုင်ငံအား ပြည်သူလူနေမှုနှင့် ဆင်းရဲမှုဒေသများမှာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားသန်ပေးနေပါသည်။ လက်တွေ့စီမံချက်များမှာ အခြေခံအဆောက်အအုံ၊ အများပြည်သူဝန်ဆောင်မှုလုပ်ငန်း၊ တောင်သူလယ်သမားလူနေမှုမြှင့်တင်ရေးလုပ်ငန်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း စသည့်ကဏ္ဍပေါင်းစုံမှာ တိုးချဲ့လွှမ်းမိုးနိုင်ခဲ့ပြီဖြစ်သည်။

လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်သူ ထုံးဖန်းက ပြောကြားသည်မှာ- လန်မဲပူးပေါင်းဆောင်ရွက်မှုကို စတင်ကတည်းက ဖွံ့ဖြိုးမှုလျင်မြန်ပါကြောင်း၊ အကျိုးထူးမှုထင်ရှားလှပါကြောင်း၊ ဒေသအသီးသီး နိုင်ငံအသီးသီးမှ ပြည်သူလူထုအတွက် အမှန်တကယ် လက်တွေ့ကျသည့် ကောင်းကျိုးများကို သယ်ဆောင်ပေးလာနေပါကြောင်း၊ လာအိုနိုင်ငံအနေနှင့် လန်မဲပူးပေါင်းဆောင်ရွက်မှုကို တက်ကြွစွာ ဆက်လက်ပါဝင် လုပ်ဆောင်နေမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တစ်ဆင့်တက်ကာ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာဝပြောရေးကို တိုးမြှင့်စေနိုင်မည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။

**ပြည်သူ့နေ့စဉ်သတင်းစာ**

